# ပုဂံကျောက်စာသဒ္ဒါလေ့လာချက်
# (ဘာသာဗေဒလေ့လာချက်)

## ပါရဂူ (Ph.D ) ဘွဲ့အတွက်တင်သွင်းသောကျမ်း

အောင်ဝင်းနိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ

# ကျမ်းအကျဉ်းချုပ်

မြန်မာစာအရေးအသားပေါ်ဦးစ ပုဂံခေတ်က ရေးထိုးထားခဲ့သည့် ပုဂံကျောက်စာများကို ကိုးကား၍ အေဒီ ၁၃-၁၄ ရာစုနှစ်များဆီက မြန်မာဘာသာစကား၏ စကားသံစနစ်၊ စကားလုံးဖွဲ့ပုံစနစ်၊ ဝါကျဖွဲ့ပုံစနစ်တို့ကို လေ့လာတင်ပြထားသည်။

အခန်း ၁ တွင် ပုဂံကျောက်စာများမှ မြန်မာဘာသာစကားစနစ်ကို လေ့လာခဲ့ကြသည့် မြန်မာနှင့် ကမ္ဘာ့ပညာရှင်တို့၏ လေ့လာမှုသမိုင်းအချုပ်နှင့် ယင်းတို့ကို အခြေခံ၍ ဤကျမ်း တွင် မည်သို့လေ့လာသည်။ မည်သည့်နည်းစနစ်များကို အသုံးပြုသည်တို့ကို မိတ်ဆက်သဘော တင်ပြထားသည်။

အခန်း ၂ တွင် ပုဂံခေတ်မြန်မာစကားသံ စနစ်နှင့် ပတ်သက်၍ အစဗျည်း၊ အစဗျည်းတွဲ၊ အလယ်သရ၊ အဆုံးဗျည်းတို့၏ အသံတန်ဖိုးများ ကို ပုဂံကျောက်စာအရေးအသားကို ကိုးကား၍ ပြန်လည်တည်ဆောက် လေ့လာထားသည်။ ဝဏ္ဏဖွဲ့ပုံစနစ်၊ တက်ကျသံစနစ်တို့ကိုလည်း တင်ပြထားသည်။

အခန်း ၃ တွင် စကားလုံးဖွဲ့ပုံစနစ်နှင့် ပတ်သက်၍ ပုဂံခေတ်က အသုံးတွင်ကျယ်ခဲ့သည့် စကားလုံးပွားခြင်း၊ ပေါင်းစပ်ခြင်း၊ အဆက်ပစ္စည်းများဖြင့် စကားလုံးပွားခြင်း၊ အသံတူထပ်ခြင်း စသည့် စကားလုံးဖွဲ့ပုံစနစ်များ၊ ဝါစင်္ဂခွဲခြားခြင်းတို့ကိုလည်း လေ့လာတင်ပြထားသည်။

အခန်း ၄ တွင် ဝါကျဖွဲ့ပုံစနစ်နှင့် ပတ်သက်၍ နာမ်ပုဒ်၊ ကြိယာပုဒ်တို့၏ ဝါကျကဏ္ဍအတွင်း တာဝန်ထမ်းဆောင်ပုံ၊ ပင်မဝါကျကဏ္ဍတွင် အမှီဝါကျကဏ္ဍများ တွဲဆက်ကာ ဝါကျ ရောများ ဖွဲ့ပုံတို့ကိုလည်း လေ့လာတင်ပြထားသည်။

အခန်း ၅ တွင် ခြုံငုံသုံးသပ်ချက်ကို တင်ပြထားသည်။

ကျမ်း၏ အဆုံးတွင် နိဂုံး၊ ညွှန်းကိုးကားသော မြန်မာနှင့် အင်္ဂလိပ် ကျမ်းစာရင်း၊ အက္ခရာစဉ်အညွှန်းတို့ကို တင်ပြထားသည်။